

TV
Team Villians
ဘာသာပြန် စာရေးဆရာ - Team
ရူပါဗီလိန်ဟန်ဆမ်
(ဝမ်ဟောင်ရန်)
(Chapter 61 - 75)
စာစဉ် - ၅

# အပိုင်း ၆၁
# အောင်မြင်စွာတားဆီးခြင်း

"မရဘူး။ နောက်မှာလည်းကားတွေနဲ့ဆိုတော့ နောက်ပြန်လှည့်လို့လဲမရတော့ဘူး။ ပြီးတော့ ဆိုက်ကယ်သမားကလည်း ကားရှေ့မှာလဲနေတာဆိုတော့ တက်ကြိတ်သွားလို့လည်းမရဘူးလေ" ဒါရိုက်ဘာက ကားပြတင်းပေါက်ကနေခေါင်းထုတ်ကြည့်လိုက်ပြီးတော့ ပြန်ပြောလိုက်တယ်။

"သေစမ်း"

ရှောင်ရီဖုန်းကားတံခါးဖွင့်လိုက်ပြီးတော့ ကားရှေ့ကိုသွားကြည့်လိုက်တဲ့အခါ ဆိုက်ကယ်သမားမှာဘာဒဏ်ရာမှမရှိတာကိုတွေ့လိုက်ရတယ်။ အများဆုံးမှပွန်းပဲ့ရာလောက်ပဲရှိပါတယ်။

သူကအလှလေးကို ကယ်တင်ဖို့စိတ်လောနေတဲ့အတွက် ဆိုင်ကယ်သမားကိုဆွဲထူလိုက်ပြီးတော့ သူ့ရဲ့ဆေးပညာနဲ့ကူပေးဖို့လုပ်လိုက်တယ်။

ဒါပေမယ့် သူ့လက်ကိုဆန့်ထုတ်လိုက်တဲ့အချိန်မှာပဲ ဆိုက်ကယ်သမားက အော်ဟစ်ပြီးတော့ အကူအညီတောင်းလိုက်ပါတယ်။

ဒီအသံကဘေးနားကလူတွေကို တစ်ယောက်ပြီးတစ်ယောက်အနားကိုအုံလာကြပြီးတော့ တချို့လူတွေဆိုရင် ဖုန်းတွေနဲ့ဓာတ်ပုံတွေယူ၊ဗီဒီရိုတွေရိုက်ကုန်ကြတယ်။

ဒါကိုရှောင်ရီဖုန်းတွေ့တဲ့အခါ ဆေးကုပေးမယ့်အကြံကိုလက်လျှော့လိုက်ပြီးတော့ ဗန်ကားကိုလိုက်ရှာလိုက်ပေမယ့် ဗန်ကားကထွက်သွားပါပြီ။

ရှောင်ရှီဖုန်းအရမ်းဒေါပွသွားတယ်။

***

တက္ကစီထဲတွင်...

"ကားဆရာရေ၊ ရောက်ဖို့အတွက်ဘယ်လောက်လောက်လိုသေးလဲ" မူကျောက်ကျောက်က အလျှင်လိုနေပြီးတော့ အပြန်နောက်ကျသွားမှာကို စိုးရိမ်နေပါတယ်။

"နောက် လေးငါးမိနစ်လောက်နေရင်ရောက်ပါပြီ"

"ကျမတို့ကို ဈေးလမ်းအထိပို့ပေးပါ" ချင်ယွင်ဟန်က လမ်းမလျှောက်ချင်တဲ့အတွက် ဒါရိုက်ဘာကိုလှမ်းပြောလိုက်တယ်။

"မိန်းမလှလေးတို့၊ ဈေးထဲမှာလူတွေကအရမ်းရှုပ်တာဆိုတော့ ကားကပုရွက်စိတ်လောက်ပဲသွားနိုင်လိမ့်မယ်။ တကယ်လို့မင်းအလျှင်လိုနေရင်လည်း ငါကြားလမ်းကနေပို့ပေးမယ်လေ။ မြန်မြန်ရောက်တာပေ့ါ"

.....

ဝမ်ဟောင်ရန် နားကြပ်ကနေဒီစကားတွေကိုကြားလိုက်တဲ့အခါ အဝတ်ဆိုင်ထဲကိုဝင်လိုက်ကာ အဝတ်အစားအနည်းငယ်ဝယ်လိုက်ပြီးတော့ ဈေးလမ်းဘက်ကိုအလျှင်အမြန်ပဲသွားလိုက်တယ်။

သူရှုထောင့်စွမ်းရည်ကိုသုံးပြီးတော့ ချင်ယွင်ဟန်ရှိနေတဲ့လမ်းဘက်ကိုကြည့်လိုက်တယ်။

ဒီရှုထောင့်စွမ်းရည်မှာက မှန်ဘီလူးတစ်ခုလိုမျိုးလုပ်ဆောင်ချက်တွေပါပါတယ်။

ခဏလောက်နေတဲ့အခါ ချင်ယွင်ဟန်နဲ့မူကျောက်ကျောက်တို့ကို တက္ကစီပေါ်မှာတွေ့လိုက်ရပါပြီ။

မကြာခင်မှာပဲ တက္ကစီက အရှိန်လျှော့သွားပြီးတော့ လမ်းဘေးမှာရပ်သွားတယ်။

ဝမ်ဟောင်ရန်အဝတ်အစားအိတ်တွေကိုသယ်သွားပြီးတော့ တက္ကစီနားက နေအမှတ်မထင်ဖြတ်သွားသလိုမျိုး ဟန်ဆောင်လိုက်တယ်။

ချင်ယွင်ဟန်ကားခရှင်းပြီးတော့ တံခါးကဖွင့်လိုက်တာနဲ့ ဝမ်ဟောင်ရန်နဲ့ ထိပ်တိုက်တွေ့လိုက်ရပါတယ်။

"ဟေး၊ ဘယ်လိုတောင်တိုက်ဆိုင်တာလဲ။ နင်ဘယ်လိုလုပ်ဒီမှာရောက်နေတာလဲ။ နင်ရောအဝတ်အစားဝယ်မလို့လား" ချင်ယွင်ဟန်က ချက်ချင်းပဲ နှုတ်ဆက်လိုက်တယ်။

ဝမ်ဟောင်ရန် အံ့သြသွားသလိုဟန်ဆောင်လိုက်ပြီးတော့ ခေါင်းညိတ်ကာ ပြုံးပြလိုက်တယ်။

"ဟုတ်တယ်၊ ငါအခုပဲဝယ်ပြီးတာ"

ခဏလောက်နေတော့ သူဆက်ပြောလိုက်တယ်။

"မင်းတို့ရောအဝတ်အစားလာဝယ်တာလား။ ငါမင်းတို့ကိုလိုက်ပြပေးပြီးတော့ ဈေးဝယ်ပြီးတဲ့အခါ ကျောင်းကိုအတူတူပြန်ကြမလား"

"ကောင်းပြီလေ..." ချင်ယွင်ဟန် ချက်ချင်းပဲသဘောတူလိုက်ပေမယ့် ဘေးနားကမူကျောက်ကျောက်က အလျင်အမြန်ပဲတားလိုက်ပြီးတော့ ပြုံးပြလိုက်ကာ ပြောလိုက်တယ်။

"ဝမ်သခင်လေး၊ ကျမတို့က အမျိုးသမီးဝတ်တွေသွားဝယ်မှာဆိုတော့ ရှင်လိုက်ခဲ့ဖို့သိပ်အဆင်မပြေလောက်ဘူး။ ကျမစိတ်မကောင်းပါဘူး"

ဝမ်ဟောင်ရန်က မူကျောက်ကျောက်ကို တစ်ခါမှစကားမပြောဖူးတဲ့အတွက် သူမအကြောင်းကိုသိပ်မသိပါဘူး။

ဒါပေမယ့် မူကျောက်ကျောက်ရဲ့လေသံအရ သူမကကြောင်နာတတ်ပြီးတော့ ချင်စရာကောင်းတဲ့ကောင်မလေးတစ်ယောက်ဖြစ်နိုင်ပါတယ်။

"ဒါဆိုရင်လည်း ငါမလိုက်ခဲ့တော့ပါဘူး"

ဝမ်ဟောင်ရန်ပြုံးပြလိုက်ပြီးတော့ သူမအကြောင်းကိုသိချင်တာနဲ့ ဗီလိန်အမှတ်၁၀၀ကို သုံးလိုက်တယ်။

မူကျောက်ကျောက်ရဲ့အချက်အလက်တွေက ဝမ်ဟောင်ရန့်ရဲ့စိတ်ထဲမှာ ချက်ချင်းပဲပေါ်လာတယ်။

"မင်းသမီး - မူကျောက်ကျောက်]

[အတိုက်ခိုက်စွမ်းရည် - ၂၀]

[ဆွဲဆောင်မှု - ၁၉၆

[မင်းသမီးထီးဆောင်းမှတ် - ၄၈၉]

[စကေးများ - မရှိ]

[စနစ်ရှင်အပေါ်နှစ်သက်မှု - (-၂၀)(အလွန်စက်ဆုပ်သည်)]

မူကျောက်ကျောက်ရဲ့အချက်အလက်တွေက ချင်ယွင်ဟန်အောက်အနည်းငယ်ပဲလျော့တာပဲ။ ဒါပေမယ့် နှစ်သက်မှုအမှတ် (-၂၀) ဆိုတာကဘာကြီးလဲဟ။

ဝမ်ဟောင်ရန် မူကျောက်ကျောက်ကို မနေနိုင်ပဲထပ်ကြည့်မိလိုက်တယ်။

ဒီကြင်နာတတ်တဲ့ပုံပေါ်နေတဲ့မူကျောက်ကျောက်က တကယ်တမ်းမှာတော့ စိတ်ထားမည်းနက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေတာပဲ။

ဒီကောင်မလေးက မျက်နှာနှစ်ဖက်နဲ့ အတော်လေးကိုမှဟန်ဆောင်ကောင်းတာပဲ။

ဝမ်ဟောင်ရန် စိတ်လည်းရှုပ်ထွေးသွားတယ်။

ငါသူမနဲ့အရင်ကမတွေ့ဖူးပါဘူးဟ။ ဘာလို့ငါ့ကိုမုန်းနေရတာလဲ။

ငါကဗီလိန်တစ်ယောက်ဖြစ်နေလို့ မင်းသမီးတွေကမုန်းတာလား။

"ဒါဆိုလည်း ငါကျောက်ကျောက်နဲ့ ဈေးဝယ်သွားလိုက်တော့မယ်။ ကိစ္စတစ်ခုခုရှိရင် နင့်ကိုဖုန်းဆက်လိုက်မယ်နော်။ ဘိုင့်ဘိုင်" ချင်ယွင်ဟန်က ဝမ်ဟောင်ရန့်ကိုလက်ဝှေ့ရမ်းပြလိုက်တယ်။

"ခဏလေးနေဦး" ဝမ်ဟောင်ရန်လှမ်းတားလိုက်တယ် "နင်တို့မှာ အိပ်ယာခင်းတို့၊ခေါင်းဦးတို့လိုမျိုး အသုံးအဆောင်ပစ္စည်းတွေအတော်များများ ဝယ်ဖို့ရှိသေးတယ်မလား။ ငါကူဝယ်ပေးရမလား"

"ကောင်းပြီလေ၊ နင့်ကိုပဲအကူညီတောင်ရတော့မှာပဲ" ချင်ယွင်ဟန် ချက်ချင်းပဲခေါင်းညိတ်လိုက်တယ်။

"ဒါဆိုရင်နင်က ဘယ်လိုဟာကိုကြိုက်တာလဲ။ ဥပမာ အရောင်၊ဒီဇိုင်း ဘာညာပေါ့" ဝမ်ဟောင်ရန် တက်နိုင်သမျှအချိန်ဆွဲထားလိုက်တယ်။

***

ဗန်ကားတစ်စီးက သိပ်မဝေးတဲ့နေရာမှာရပ်သွားပါတယ်။

"သူတို့နားမှာလူတစ်ယောက်ရှိနေတယ်။ ငါတို့အစီအစဉ်အတိုင်းပဲ ဆက်လုပ်ကြမလား" ဂျပုက ကျန်တဲ့နှစ်ယောက်ကိုမေးလိုက်တယ်။

"ဒီကောင့်ကိုကြည့်ရတာတော့ ကျောင်းသားတစ်ယောက်ပဲနေမှာပါ။ ငါတို့လုပ်စရာရှိတာကိုပဲလုပ်ကြတာပေါ့။ တကယ်လို့ ငါတို့ကိုတားရဲရင်လည်း ဓားနဲ့နည်းနည်းလောက်ထိုးပေးလိုက်ရုံပေါ့ကွာ" အငယ်လေးက ပြောလိုက်တယ်။

"ငါတို့သူ့ကိုထိလို့မရဘူး" အရှည်ကြီးက ပြောလိုက်ပါတယ်။

"ဟိုကောင်၊ မင်းမိန်းမဘဝများပြောင်းသွားတာလား။ မင်းကလူတစ်ယောက်ကို သနားပြနေသေးတာလားဟ" အငယ်လေးက ရယ်လိုက်တယ်။

"မင်းကန်းနေတာလား။ သေချာကြည့်ဦးဟ။ အဲ့ဒီ့ကောင်ကို ရင်းနှီးနေတယ်လို့မထင်ဘူးလား" အရှည်ကြီး အနည်းငယ်စိတ်လှုပ်ရှားသွားတယ်။

အငယ်လေးနဲ့ဂျပုတို့ ဒါကိုကြားတဲ့အခါ ဝမ်ဟောင်ရန့်ကိုအကြိမ်အနည်းငယ်လောက်ပြန်ကြည့်လိုက်ပြီးတော့ ရုတ်တရက် ထအော်လိုက်မိတယ်။

"အဲ့ဒီ့ကောင်က ဝမ်မိသားစုရဲ့သားမဟုတ်ဘူးလားဟ"

"ဆူဖြိုးနေတဲ့သိုးတစ်ကောင်ပဲ။ သူ့ကိုပါဖမ်းမိလိုက်မယ်ဆိုရင် ငါတို့တော့ ထောပြီပဲ"

အတွေ့အကြုံရင့်ကျက်နေတဲ့ ပြန်ပေးဆွဲသမားတွေဖြစ်ကြတာနဲ့အညီ သူတို့ကချင်လင်မြို့က အချမ်းသာဆုံးသူတွေရဲ့ အချက်အလက်တွေလေ့လာထားပါတယ်။

"အငယ်လေးနဲ့ငါက အဲ့ဒီ့ကောင်ကိုဖမ်းလိုက်မယ်။ မင်းကတော့ ကောင်မလေးကိုဖမ်းလိုက်" အရှည်ကြီးက ခေါင်းစွပ်ကိုဝတ်ပြီးတော့ ဗန်ကားကိုမောင်းလိုက်တယ်။

တခြားနှစ်ယောက်ကလည်း စိတ်လှုပ်ရှားနေပြီးတော့ ခေါင်းစွပ်တွေကို ဝတ်လိုက်ကြတယ်။

ဒီအချိန်မှာ ဝမ်ဟောင်ရန်၊ ချင်ယွင်ဟန်နဲ့ မူကျောက်ကျောက်တို့က လမ်းဘေးမှာစကားပြောနေတုန်းပါ။

ဗန်ကားတစ်စီးက သူ့တို့နားလေးမှာရပ်သွားပြီးတော့ လူသုံးယောက်က ပြေးထွက်လာကြတဲ့အခါ ချင်ယွင်ဟန်နဲ့ မူကျောက်ကျောက်တို့ရဲ့ မျက်နှာ

တွေဖြုဆုပ်သွားကြတယ်။

ဝမ်ဟောင်ရန်က ရှုထောင့်စွမ်းရည်ကိုသုံးပြီးတော့ သူတို့ကိုစောင့်ကြည့်နေတာကြာပြီဖြစ်တဲ့အတွက် သူ့ဆီကိုလူနှစ်ယောက်ပြေးလာတာကိုတွေ့လိုက်တော့ အသင့်ပြင်ထားလိုက်တယ်။

သူ အငယ်လေးကိုလက်သီးနဲ့ထိုးလိုက်ပြီးတော့ အရှည်ကြီးကိုကန်လိုက်တယ်။

ဒီတိုက်ခိုက်မှုနှစ်ခုလုံးမှာ အားအပြည့်သုံးထားတဲ့အတွက် တဖက်ကလူနှစ်ယောက်ချက်ချင်းပဲ မတိုက်ခိုက်နိုင်ဖြစ်သွားကြတယ်။

ဝမ်ဟောင်ရန် ဒီလူနှစ်ယောက်ကို အမှောက်သိပ်ပြီးတာနဲ့ ဂျပုကိုမီတာအနည်းငယ်လောက် လွင့်ထွက်သွားအောင်ကန်ပစ်လိုက်တယ်။

[ဒင်၊စနစ်ရှင်သည် လူဆိုးများကိုအနိုင်ယူပြီး ရှောင်ရီဖုန်း၏ဇာတ်ကြောင်းကို ကြားဖြတ်တားဆီးလိုက်နိုင်သည်။ ဗီလိန်အမှတ် +၂၀၀]

တဖက်လူသုံးယောက်တော့ အနိုင်ယူခံလိုက်ရတာနဲ့ ချက်ချင်းပဲထိတ်လန့်ကုန်ကြတယ်။

ဝမ်ဟောင်ရန်ဒီလောက်အထိအစွမ်းထက်နေမယ်လို့ သူတို့မမျှော်လင့်ထားခဲ့ကြပါဘူး။

ဝမ်ဟောင်ရန့်တို့ကို ဖမ်းဖို့ဆိုတာမဖြစ်နိုင်တော့တဲ့အတွက် ဗန်ကားထဲကိုပြန်ဝင်ပြီးတော့ ထွက်ပြေးသွားကြပါတယ်။

လူမိုက်သုံးကောင်ထွက်ပြေးသွားတာကို ဝမ်ဟောင်ရန် မတားဆီးပဲဆက်ကြည့်နေလိုက်တယ်။

တကယ်လို့သူတို့သုံးယောက်ကိုသာဖမ်းမိသွားရင် ဒါကချင်ခိုင့်ကိုသတိပေးလိုက်သလိုဖြစ်သွားပါလိမ့်မယ်။

ဒီလိုသာဖြစ်သွားမယ်ဆိုရင် ချင်ခိုင်ကရောင်ရီဖုန်းကို ချင်ယွင်ဟန်နားရောက်အောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ရအောင်လုပ်ပါလိမ့်မယ်။

ဒီလိုဖြစ်သွားမှာကို ဝမ်ဟောင်ရန်မလိုချင်ပါဘူး။

ချင်ယွင်ဟန်အန္တရာယ်ရှိနိုင်မယ့်ကိစ္စကိုတော့ သူစိတ်မပူပါဘူး။

သူမရဲ့မင်းသမီးထီးဆောင်းမှတ်အရ အန္တရာယ်တွေကို ဆွဲဆောင်နိုင်မှုက မြင့်မားနေပေမယ့် အန္တရာယ်ကနေလွတ်မြောက်နိုင်စွမ်းက ပိုပြီးတော့ တောင်မြင့်မားနေပါသေးတယ်။

***